

မာန်

# မြေအောက် ပင်လယ်ရဲ့ လျှို့ဝှက်ချက်

စာစဉ် - ၂

# မြေအောက်ပင်လယ်ရဲ့လျို့ဝှက်ချက်

## အခန်း (၁၃)

## ဆိပ်ကမ်းသို့ အပြန်

*

မှောင်မည်းနေသော ပင်လယ်ပြင်ထက်တွင် ထို မိစ္ဆာသတ္တဝါကြီး၏ အသက်မဲ့သော ခန္ဓာကိုယ်သည် လှိုင်းတံပိုးများနှင့်အတူ မျောပါနေ၏။ ၎င်းသည် ပင်လယ်အောက်ခြေသို့ နစ်မြုပ်တော့မည့် ဆဲဆဲမှာပင် ထိပ်တန်းကြွက်သဘော်ထက် သုံးပုံ နှစ်ပုံခန့် ပိုကြီးသော ရေနွေးငွေ့သဘော်ကြီးတစ်စင်းသည် ထိုနေရာကို ဖြတ်သန်းလာခဲ့သည်။

ချိတ်ဆူးများပါသော ပိုက်ကွန်ကြီးတစ်ခုသည် ကုန်းပတ်ပေါ်မှ ကျလာပြီး ထိုသတ္တဝါကြီးကို အလွယ်တကူပင် ဖမ်းဆီးရစ်ပတ်လိုက်တော့သည်။

"ဆရာကြီး။ ကြည့်ဦး။ ကျွန်တော် ပြည်ကြီးငါး အကြီးကြီးတစ်ကောင် မိလာပြီဗျ။ ကြည့်ပါဦး။ သူ့လက်တံတွေ လှုပ်နေတုန်းပဲ" ဟု သင်္ဘောသားတစ်ယောက်က စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်၏။

"ပြည်ကြီးငါးဟုတ်လား။ ပိ... မင်း မျက်စိကန်းနေတာလား။ ဆရာကြီး... ဒါ ကြယ်ငါးကြီးလို့ ကျွန်တော် ထင်တယ်ဗျ"

"အခုပဲ လူစုခွဲကြစမ်း။ ရေဘဝဲအကြီးကြီးတစ်ကောင်အတွက်နဲ့ ဆူညံမနေကြနဲ့။ အင်း... ကြည့်

ရတာ စားလို့ကောင်းမယ့်ပုံပဲ။ ပိ... ဒါကို မီးဖိုချောင်ထဲယူသွားပြီး စားဖို့မှူးတွေကို ချက်ခိုင်းလိုက်စမ်း"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ချားလ်စ် ပြန်နိုးလာသည့်အခါ ဦးနှောက်ထဲတွင် အပ်ပေါင်းထောင်သောင်းဖြင့် အထိုးခံနေရသလို ပြင်းထန်သော ခေါင်းကိုက်ဝေဒနာကို ခံစားလိုက်ရသည်။ သူသည် လက်ထဲက ပုလင်းအလွတ်ကို လွှတ်ချလိုက်ရာ ကြမ်းပြင်ပေါ်တွင် အပိုင်းပိုင်းအစစ ကွဲကျသွား၏။

မြေပြင်ပေါ်က ဖန်ကွဲစများကို ဂရုမစိုက်ဘဲ ချားလ်စ်သည် အခန်းတံခါးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လာခဲ့သည်။

ချားလ်စ်၏ တည်ငြိမ်အေးစက်သော

မျက်နှာပေးကို မြင်လိုက်ရသည့်အခါမှ ထိပ်တန်းကြွက် သဘော်သားများအားလုံး စုပေါင်းပြီး သက်ပြင်းချနိုင်ကြတော့သည်။ ကပ္ပတိန်၏ ယခုကဲ့သို့ အမူအရာကသာ သူတို့ကို စိတ်အေးစေခြင်း ဖြစ်သည်။

"ကပ္ပတိန်... ကျွန်တော်တို့ ဘေးကင်းတဲ့ ရေကြောင်းလမ်းထဲ ပြန်ရောက်ပါပြီ။ အခုသွားနေတဲ့ ၁၅ နော့ အရှိန်နဲ့ဆိုရင် မကြာခင် ဆိပ်ကမ်းကို ရောက်တော့မှာပါ" ဟု တက်မကိုင်နေသော ဒစ်ပ်က အစီရင်ခံ၏။

"ပတ်တီး ရော... ဘယ်လိုနေလဲ" ချားလ်စ်က မေးလိုက်သည်။

"သူ့ရဲ့ ဒဏ်ရာတွေက အံ့ဩစရာကောင်းလောက်အောင် အနာကျက် မြန်နေပါတယ်။

အဖျားလည်း ကျသွားပြီ။ အခုထိ သတိမရသေးပေမဲ့ သူ အသက်ရှင်မှာပါ"

ဒီသတင်းကို ကြားလိုက်ရသည့်အခါမှ ချားလ်စ်၏ ညှိုးငယ်နေသော စိတ်အခြေအနေမှာ အနည်းငယ် ပြန်လည် ကြည်လင်လာ၏။

"သတိမလွှတ်ကြနဲ့ဦး။ ငါ သူ့ကို သွားကြည့်လိုက်ဦးမယ်"

သင်္ဘောသားအားလုံးထဲတွင် ကပ္ပတိန် တစ်ယောက်သာ သီးသန့်အခန်းရှိပြီး အရာရှိပတ်တီးကတော့ ကျန်တဲ့သူတွေလိုပဲ သင်္ဘောသားအိပ်ဆောင်မှာ နေရခြင်း ဖြစ်သည်။

ချားလ်စ် အခန်းထဲဝင်သွားသည့်အခါ ပတ်တီးတစ်ယောက် ဖြည်းဖြည်းချင်း မျက်လုံးဖွင့်လာသည်ကို တွေ့လိုက်ရသဖြင့် သူ အနားသို့ အမြန်

ပြေးသွား၏။

"မလှုပ်နဲ့ဦး... ပြန်အိပ်နေလိုက်။ မင်းဒဏ်ရာတွေက အကုန်မပျောက်သေးဘူး" ချားလ်စ်က အတင်းထိုင်ဖို့ ကြိုးစားနေသော ပတ်တီး ကို ပြန်လှဲခိုင်းလိုက်သည်။

"ကပ္ပတိန်... အန်နာက... မိစ္ဆာကြီးဗျ... သူ ကျွန်တော့်ကို... စားမလို့ လုပ်တာ..."

ပတ်တီး ရဲ့ စကားကြောင့် ချားလ်စ် ရင်ထဲမှာ နာကျင်သွားရသည်။ သူသည် အတင်း ပြုံးလိုက်ရင်း "စိတ်မပူပါနဲ့၊ အဲဒီအရာကြီး သေသွားပါပြီ။ ဒါတွေက အတိတ်မှာ ကျန်ခဲ့ပြီပဲ" ဟု အားပေးလိုက်၏။

"တော်... တော်သေးတာပေါ့..." ပတ်တီး က သက်ပြင်းချရင်း ပြန်အိပ်ပျော်သွားသည်။

"ကောင်းကောင်းနားဦး။ ငါတို့ အိမ်ပြန်ရောက်တော့မယ်၊ မင်းလည်း မင်းရဲ့တာဝန်ကို အောင်အောင်မြင်မြင် အဆုံးသတ်နိုင်တော့မှာပါ"

ပတ်တီး ရဲ့ ပတ်တီးစည်းထားတဲ့ ခြေထောက်ပြတ်ကြီးကို ကြည့်ရင်း ချားလ်စ် စိတ်မကောင်းဖြစ်မိသည်။ ဒီခြေထောက်တစ်ဖက်နဲ့ဆိုရင် သူ့ရဲ့သင်္ဘောသားဘဝကတော့ ပြီးဆုံးသွားပြီပဲ။ ဘယ်သင်္ဘောကမှ ခြေတစ်ဖက်ပြတ်တဲ့ အရာရှိကို ခန့်ထားမှာ မဟုတ်ပါဘူး။

"ဟုတ်ကဲ့ပါ..." ပတ်တီး က တိတ်ဆိတ်သွား၏။

ချားလ်စ်သည် နှစ်သိမ့်စကား ပြောချင်သော်လည်း သူက ထိုကိစ္စတွင် သိပ်မတော်ပါဘူး။ နောက်ဆုံးတွင်တော့ ပတ်တီး ၏ ပုခုံးကို ပုတ်ပေးပြီး ထွက်လာခဲ့သည်။

ခရီးစဉ်၏ ကျန်ရှိသောအပိုင်းတွင် ဘာပြဿနာမှ ထပ်မပေါ်တော့ဘဲ ထိပ်တန်းကြွက် သင်္ဘောကြီးသည် သန္တာကျွန်းစုသို့ ဘေးကင်းစွာ ပြန်လည် ရောက်ရှိလာခဲ့သည်။

ဖတာဂန် ဂိုဏ်းသားတွေမှာ နှုတ်မျက်စိ ရှိနေသလား မှတ်ရသည်။ သင်္ဘော ဆိုက်ကပ်ခြင်းပင် မရှိသေးဘဲ ဟွတ်ခ်် နှင့် သူ၏ တပည့်တစ်သိုက်မှာ ဆိပ်ကမ်းတွင် စောင့်နေကြသည်ကို ချားလ်စ် မြင်လိုက်ရ၏။

"ကပ္ပတိန် ချားလ်စ်... အမွန်အမြတ်ထားတဲ့ ရှေးဟောင်းပစ္စည်းကို ရခဲ့ရဲ့လား"

သစ်သားသေတ္တာထဲမှ ရွှေရောင် ဖတာဂန်ရုပ်ထုကို ထုတ်လိုက်သည့်အခါ ဟွတ်ခ််သည် သူ၏ စိတ်လှုပ်ရှားမှုကို မထိန်းနိုင်တော့ပါဘူး။ သူ

သည် ကခုန်ပြီး အော်ဟစ်နေသလို အခြားဂိုဏ်း သားများနှင့်အတူ ရုပ်ထုကို ဝပ်တွား ဦးချနေ တော့သည်။

"ငါ့ရဲ့အခကြေးငွေကော"

ဟွတ်ခ်သည် ချက်ချင်းထရပ်ကာ တုန်ရီနေ သော လက်များဖြင့် အိတ်ထဲမှ စာရွက်တစ်ရွက် ကို ထုတ်ပေးလိုက်၏။

"ဒါက ကတိကဝတ် စာချုပ်မူရင်းပဲ။ မြန်မြန်။ ရုပ်ထုကို ငါ့ကိုပေးတော့"

ချားလ်စ်သည် စာရွက်ကိုယူကာ အစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးပြီးနောက် ရွှေရုပ်ထုကို ဟွ တ်ခ်ဆီသို့ ပစ်ပေးလိုက်သည်။

ဟွတ်ခ်သည် ရုပ်ထုကို ပွေ့ဖက်ကာ အပျော်ကြီး ပျော်ပြီး ဒီအတိုင်း ထွက်သွားတော့မည့်ပုံကို မြင်

ရသည့်အခါ ချားလ်စ် မျက်မှောင်ကြုတ်လိုက်မိသည်။

"ဟော့... မင်း တစ်ခုခု မေ့နေတာ မဟုတ်ဘူးလား"

ထိုစဉ် လူကောင်ကြီးမားသော ဂျိမ်းစ်သည် ပတ်တီးကို ပွေ့ချီကာ ရှေ့သို့ ထွက်လာခဲ့သည်။

"လက်ထောက် ယဇ်ပုရောဟိတ်... ကျွန်တော်... တာဝန်ပြီးပါပြီ..."

ပတ်တီးက အားနည်းသော လေသံဖြင့် အစီရင်ခံ၏။

ဟွတ်ခ်က ပတ်တီးရဲ့ စကားကို ဂရုမစိုက်ဘဲ သူ၏ ခြေထောက်ကိုသာ စိုက်ကြည့်လိုက်သည်။

"မင်းခြေထောက် ဘာဖြစ်တာလဲ"

"ဒါ... ဒါက မိစ္ဆာတစ်ကောင်ရဲ့... စားတာ ခံ

လိုက်ရတာပါ..."

ဟွတ်ခ်သည် မေးကိုပင့်ကာ သူ၏ တပည့်နှစ်ယောက်ကို အချက်ပြလိုက်သည်။ သူတို့သည် ပတ်တီးကို ခေါ်သွားရန် အနားသို့ တိုးလာကြ၏။

"ကောင်းပြီ... ပတ်တီး။ မင်း တော်တော် လုပ်နိုင်ခဲ့တာပဲ။ နောက်လာမယ့် ဆုတောင်းပွဲနေ့မှာ မင်းကို ယဇ်ကောင်အဖြစ် အသုံးပြုခံရမယ့် ဂုဏ်ထူးဆောင်ခွင့်ကို ပေးမယ်"

"ကျေး... ကျေးဇူးတင်ပါတယ် လက်ထောက်ယဇ်ပုရောဟိတ်..."

"ဘာ၊ ယဇ်ကောင် ဟုတ်လား"

ထိပ်တန်းကြွက် သဘော်သားများ၏ မျက်နှာတွင် ထိတ်လန့်တုန်လှုပ်မှုများ ပေါ်လာသည်။

ရုတ်တရက် ချားလ်စ်သည် လက်ကို မြှောက်

ကာ ထိုတပည့်နှစ်ယောက်ကို တားလိုက်၏။ သူသည် ဟွတ်ခ်ကို စိုက်ကြည့်ကာ မေးလိုက်သည်။

"ဖတာဂန် အဖွဲ့က ကိုယ့်လူအချင်းချင်းကို ဒီလိုပဲ ဆက်ဆံတာလား"

ချားလ်စ်သည် ဒီအရူးတွေရဲ့ ကိစ္စထဲမှာ ဝင်မပါချင်ပါဘူး။ ဒါပေမဲ့ ပတ်တီး နဲ့ အတူတူ သဘေးကနေ ကျော်ဖြတ်လာခဲ့ပြီးနောက် ဒီထစ်ထစ်အအ ပြောတတ်တဲ့လူကို သူ သူငယ်ချင်းတစ်ယောက်လို သဘောထားမိသွားပြီ။ သူ၏ရဲဘော်ရဲဘက်ကို ပင်လယ်ထဲ ပစ်ချပြီး ငါးစာလုပ်မည့် မြင်ကွင်းကို သူ ဒီအတိုင်း ကြည့်မနေနိုင်တော့ပါ။

"ကပ္ပတိန် ချားလ်စ်... ကျွန်ုပ်တို့ရဲ့ ဘာသာတရားမှာ ယဇ်ကောင်အဖြစ် ရွေးချယ်ခံ

ရတာဟာ ဂုဏ်ယူစရာကိစ္စ တစ်ခုပါ"

"ဒီလောက် ဂုဏ်ယူစရာကောင်းနေရင် မင်းကိုယ်တိုင် ယဇ်ကောင် လုပ်လိုက်ပါလား။ ပတ်တီးက ငါ့ရဲ့ အရာရှိပဲ၊ အခုလောလောဆယ် သူ ထွက်သွားလို့ မရသေးဘူး။ သဘောကိစ္စ လွှဲပြောင်းစရာတွေ ရှိသေးတယ်"

ချားလ်စ်က ဂျိမ်းစ်ကို အချက်ပြလိုက်ရာ ဂျိမ်းစ်က ပတ်တီး ကို ပွေ့ချီပြီး နောက်သို့ ဆုတ်လိုက်သည်။

ဟွတ်ခ်သည် မကျေမနပ် ဖြစ်ပုံရသော်လည်း သူ့အတွက်တော့ ရုပ်ထုက ကျန်တဲ့အရာတွေထက် ပိုအရေးကြီးပုံရသည်။ သူသည် ချားလ်စ်ကို အဓိပ္ပာယ်ပါပါ စိုက်ကြည့်ပြီးနောက် အမြန်ပင် လှည့်ထွက်သွားတော့သည်။

"ဒီလို ခြေပြတ်နေတဲ့ လူမစွမ်းမသန်ကို ကပ္ပတိန် ချားလ်စ် လိုချင်တယ်ဆိုရင်လည်း ယူသွားလိုက်ပါတော့"

ဖတာဂန် ဂိုဏ်းသားတွေ မျက်စိရှေ့က ပျောက်သွားသည်နှင့် ဒစ်ပ်သည် ပတ်တီးနားသို့ အပြေးအလွှား ရောက်လာ၏။

"အရာရှိ... ခင်ဗျား ဘာတွေ တွေးနေတာလဲ။ သူက ခင်ဗျားကို ပင်လယ်ထဲပစ်ပြီး ငါးစာလုပ်မလို့လေ၊ အဲဒါကို ကျေးဇူးတင်တယ်လို့ ပြောရသလားဗျာ" ဒစ်ပ်က မယုံနိုင်စွာ အော်ဟစ်လိုက်သည်။

ပတ်တီးကတော့ ဘာမှပြန်မပြောဘဲ မြေပြင်ကိုသာ စိုက်ကြည့်နေရှာသည်။

"ဖတာဂန်အတွက် ယဇ်ပူဇော်ခံရတာ ဘာကို

ဆိုလိုလဲဆိုတာ မင်း သိရဲ့လား။ ဘာလို့ သဘောတူလိုက်တာလဲ" ချားလ်စ်က မေး လိုက်၏။

အကယ်၍ ပတ်တီးသာ ဖတာဂန် ဘာသာရေး အယူအဆတွေကို လျှောက်ပြောနေရင်တော့ ချားလ်စ်အနေနဲ့ သူ့ကို စိတ်ကျန်းမာရေးဆေးရုံ ကိုပဲ ပို့ပစ်ရတော့မည်။

"ငါ... ငါမသိဘူး။ ငါ့စိတ်ထဲမှာ... အဲဒီလို ယဇ်ပူဇော်ခံဖို့ကိုပဲ တောင့်တနေသလို ခံစားရ တယ်။ ငါ အများကြီး မေ့ကုန်ပြီ... ဘာမှ မမှတ်မိ တော့ဘူး..." ဟု ပတ်တီး က ပြန်ဖြေသည်။ ဒီ အဖြေက အားလုံးကို အံ့ဩသွားစေ၏။

ချားလ်စ် ခဏတာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြီးမှ ရပ်လိုက်သည်။ သူသည်

ပတ်တီးများကြားက မျက်လုံးများကို စိုက်ကြည့်ကာ ပြော၏။

"ပြောမနေနဲ့တော့။ ငါ့ရဲ့ သဘော်ာသစ်အတွက် အရာရှိ တစ်ယောက် လိုအပ်တယ်။ မင်း ငါ့နောက်ကို လိုက်မလား"

ပတ်တီးခဏ ငြိမ်သွားပြီးမှ "ဒါပေမဲ့ ကျွန်တော့်မှာ ခြေထောက် မရှိတော့ဘူးလေ..."

"ခြေတစ်ဖက်ပဲ ပြတ်တာပါ၊ ကိစ္စမရှိဘူး။ ကုလားထိုင်ပေါ် ထိုင်ပြီး တက်မကိုင်လို့ ရတာပဲ"

ပတ်တီး က ခေါင်းငြိမ့် သဘောတူလိုက်သည့်အခါမှ ချားလ်စ်၏ မျက်နှာတွင် ကျေနပ်သည့် အပြုံး ပေါ်လာတော့သည်။

အရာရှိသစ်ကို စုဆောင်းပြီးနောက် ချားလ်စ်သည် သူ၏ အဖွဲ့သားများဘက် လှည့်လိုက်

သည်။

"မင်းတို့ သိထားတဲ့အတိုင်းပဲ၊ ငါတို့ဟာ အခု ထိပ်တန်းကြွက် ထက် အများကြီး ပိုကြီးတဲ့ စူးစမ်းရေးသင်္ဘောကြီးတစ်စင်းကို ရတော့မယ်။ တကယ့်ကို ကြီးမားတဲ့ စူးစမ်းရေးသင်္ဘောကြီး"

ကပ္ပတိန်ရဲ့ ကြေညာချက်ကြောင့် အားလုံး စိတ်လှုပ်ရှားသွားကြသည်။ လူနေထိုင်ရာ ကျွန်းသစ်တွေကို ရှာဖွေတွေ့ရှိတဲ့ အကျိုးကျေးဇူးတွေအပြင်၊ စူးစမ်းရေးသင်္ဘောပေါ်မှာ လုပ်ရတဲ့ လစာဟာ ကုန်တင်သင်္ဘောထက် သုံးဆလောက် ပိုများမှာ ဖြစ်သည်။

ဒီလို အကျိုးအမြတ်နောက်မှာ ပါလာမယ့် အန္တရာယ်တွေအတွက်တော့ ပင်လယ်ပြင်မှာ အလုပ်လုပ်နေကြတဲ့ သူတို့အတွက် ထူးဆန်းတဲ့

အရာ မဟုတ်ပါဘူး။

"ဒါဆို ကပ္ပတိန်... ကျွန်တော်တို့ အခု သင်္ဘောကျင်းကို သွားကြမှာလား" ဟု ဒစ်ပ်က စိတ်အားထက်သန်စွာ မေးလိုက်၏။ သို့သော် ချားလ်စ်က ခေါင်းခါပြသည်။

"သင်္ဘောကိစ္စကို ငါ ကိုင်တွယ်မယ်။ မင်းတို့ အားလုံးအတွက် လုပ်စရာ တာဝန်တွေ ရှိတယ်။ ဂျိမ်းစ်... မင်းက သင်္ဘောသစ်ရဲ့ အင်ဂျင်နီယာချုပ် ဖြစ်လာမယ်။ ဒီအတောအတွင်းမှာ ဒုတိယနဲ့ တတိယ အင်ဂျင်နီယာတွေကို ရှာထားစမ်း"

လူကောင်ကြီးမားသော ဂျိမ်းစ်ကတော့ ကြောက်လန့်သွားပုံရပြီး ခေါင်းကို တရစပ် ခါယမ်းကာ "ကျွန်တော် မလုပ်တတ်ပါဘူး ကပ္ပတိန်၊ ကျွန်တော် တကယ် မလုပ်နိုင်..."

"မလုပ်နိုင်ဘူးလို့ မပြောနဲ့။ ဆိပ်ကမ်းမှာ အလုပ်ရှာပေးတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ အဲဒီကိုသွားပြီး ရွေးချယ်လိုက်။ ဒါ မင်းရဲ့ တာဝန်ပဲ"

ချားလ်စ်သည် ဂျိမ်းစ်၏ ဆင်ခြေကို ဆက်နားမထောင်တော့ဘဲ ဘေးက လူငယ်လေးဘက် လှည့်လိုက်သည်။

"ဒစ်ပ်... မင်းက သင်္ဘောထိန်းပဲ။ သင်္ဘောသား ၄ ယောက် စုဆောင်းထားလိုက်"

လူငယ်လေးကတော့ လူတွေ အများကြီး အုပ်ချုပ်ရမှာကို မကြောက်တဲ့အပြင် ပိုပြီးတောင် စိတ်လှုပ်ရှားနေ၏။

"အခုဆို ကျွန်တော် လူ ၅ ယောက်ကို အုပ်ချုပ်ရတော့မှာပေါ့။ ပျော်စရာကြီး"

"ဖရေး... လူတွေ အများကြီးဆိုတော့ မင်း

တစ်ယောက်တည်း မီးဖိုချောင်မှာ မနိုင်လောက်ဘူး။ လက်ထောက် စားဖိုမှူး တစ်ယောက် ရှာထားလိုက်"

"ပြဿနာမရှိပါဘူး ကပ္ပတိန်"

***